# ဒီပဲယင်း နှင့် မြန်မာ့ ဒီမိုကရေစီ ရှေ့ရေး

၂၀၀၉ခုနှစ် ဖွန်လ ၃၀ရက်နေ့ ဂျပန်နိုင်ငံ တိုကျိုမြို့ ရှိနာဂါဝါ မြို့နယ် နအဖ အခွန် ရုံးရှေ့တွင် ညနေ ၃နာရီ အချိန် မှ စတင် ၍ ဒီပဲယင်း လုပ်ကြံမှု ကြီး ၇၃ လ ပြည့် အထိမ်းအမှတ် ဆန္ဒပြပွဲ အခမ်းအနားကျင်းပခဲ့ပါသည်။

၂၀၀၃ခုနှစ်မေလ ၃၀ ရက်နေ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစု ကြည်၏ အထက်မြန်မာပြည်ခရီးစဉ် စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် ကျည်ရွာ အနီး ရောက်ရှိစဉ် နအဖစစ်အစိုးရ၏ စနစ်တကျကြိုတင်ကြံစည်လုပ်ကြံမှု ဖြစ်ပွားခဲ့သည်မှာ ယနေ့ ၇၃လ ပြည့် ခဲ့ပြီဖြစ်ပါသည်။အဆိုပါနေ့ ကိုမမေ့ နိုင်ခြင်း၊ ဒီပဲယင်းဖြစ်ရပ်မှန် ဖေါ် ထုတ်ပေးစေလိုခြင်းတို့အတွက် ဂျပန်နိုင်ငံ ရှိမြန်မာ့ဒီမိုကရေ စီအင်အားစုများက ယနေ့ဆန္ဒ ပြခဲ့ရခြင်း ဖြစ်ပါသည်။ဤပွဲ ကိုအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ)ဂျပန်ဌာနခွဲက ဦးစီးပြုလုပ်ခဲ့ပါသည်။

အခမ်းအနားမှူး အဖြစ်ဦးသာဇော်မောင်မောင် တာဝန်ယူဆောင်ရွက်၍ တိုကျိုမြို့ရှိ နိုင်ငံရေးအဖွဲ့ အစည်း အသီးသီးနှင့် တိုင်းရင်းသား အဖွဲ့အစည်းအသီးသီးတို့မှ မြန်မာ့ဒီမိုကရေစီအင်အား ၁၄၀ကျော်တက်ရောက်ခဲ့ကြောင်းသိရှိရပါသည်။



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ)ဂျပန်ဌာနခွဲ၏ အတွင်းရေးမှူး ဦးသောင်းမြင့်ဦး မှ `၁၉နှစ်ကျော် ကြာ မြန်မာ နိုင်ငံ ဆင်းရဲတွင်းနက်လာမှုမှာအဆိုးဝါးဆုံးဖြစ်လာခဲ့ပြီးတိုင်းတပါးရောက်မြန်မာများအမိမြေမပြန်နိုင်တာလည်းကြာခဲ့ပြီ ဖြစ်ကြောင်း၊မြန်မာပြည်တွင်းမှာဒုက္ခမျိုးစုံခံနေရချိန်မှာခင်ဗျားတို့ ကျွန်တော်တို့ ကပိုကျိုးစားဖို့လို ကြောင်း၊ပြည်သူအပေါ် သစ္စာမရှိ့တဲ့ နအဖ ကျဆုံး ပြီး ထိုသူတို့ နေရာ မှာ အစားထိုးနိုင်အောင် မြန်မာပြည်ကြီး ဒီမိုကရေစီ ရသည်အထိ သစ္စာရှိရှိ ဆက်လက် တိုက်ပွဲဝင်ကြရန် တိုက်တွန်းပြောကြားခဲ့ ပါသည်။ အခြားသောအဖွဲ့ကိုယ်စားလှယ်များကလည်းအလားတူတညီတညွတ်ပြော

ကြား သွားခဲ့ ကြပါ သည်။

တက်ရောက်လာ သူများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ)ဂျပန်ဌာနခွဲ ကိုယ်စား ဦးသာဇော်မောင် မောင် မှ ကျေးဇူးတင်စကားပြောကြားခဲ့ပြီးနောက် ကျေးကျော်သံများ ရွတ်ဆို၍ အခမ်းအနား ရုတ်သိမ်းခဲ့ပါ သည်။




၂၀၁၉ခုနှစ်ဇူလိုင်လ ၁ရက်နေ့ ဂျပန်နိုင်ငံတိုကျိုမြို့ နိုင်ငံခြားရေး ရုံးတွင်လည်း ဆန္ဒပြပွဲ ရှိ ကြောင်းသိရှိရပါသည်။ ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr Ban Ki-moon ဂျပန်နိုင်ငံမှ အပြန် မြန်မာနိုင်ငံသို့ ဝင်ရောက်မည်ဖြစ်ရာ ``ဒေါ်အောင်ဆန်းစုကြည် အပါအဝင်နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်မှာ မရှိမဖြစ် အစိတ်အပိုင်းတစ်ရပ် အနေဖြင့်အစိုးရ နှင့် အတိုက်အခံကြားဆွေးနွေးမှု ပြန်လည်စတင်ရန် နှင့် အများလက်ခံယုံကြည်သောရွေးကောက်ပွဲ အတွက်အထောက်အကူ ဖြစ် စေ မည့်အခြေအနေကောင်းများ ဖန်တည်းရေး။

နအဖနင့်ဆွေးနွေးရာတွင် မြန်မာပြည်သူများဖက်မှ ပိုမိုရပ်တည်ပြောဆိုနိုင်ရေးတို့အတွက် ညနေ ၃နာရီမှ ၄နာရီ အတွင်း တောင်းဆိုဆန္ဒပြ မည်ဖြစ်ရာ ဂျပန်နိုင်ငံရောက်ဒီမိုကရေစီအင်အားစုများ တတပ်တအားပါဝင်နိုင်ရန် အသိပေးဖိတ်ကြားအပ်ပါသည်။ သွားရောက်လိုသူများ MARUNOUCHI LINE ,,KASUMIGASEKI STATION ,,EXIT(A 8) မှ သွားရောက် နိုင်ပါသည်။



ထို့အပြင် ၂၀၁၉ ဇူလိုင်လ ၇ ရက်နေ့တိုကျိုမြို့ ရှိနာဂါဝါ နအဖ အခွန်ရုံး ရှေ့ ညနေ ၃နာရီ မှ ၄နာရီ တွင် ၁၉၆၂ခုနှစ်ဇူလိုင်လ ၇ရက်မြန်မာနိုင်ငံကျောင်းသားများ သွေးမြေကျခဲ့ရခြင်း အထိမ်းအမှတ်နေ့ဆန္ဒပြပွဲ ကျင်းပမည် ဖြစ် ကြောင်းကိုလည်း ထပ်လောင်း၍ အသိပေးဖိတ်ကြားလိုက်ရပါသည်။ သတင်း-ဓါတ်ပုံ-ဗီဒီယို စိုးအောင်ဂင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ)ဂျပန်ဌာနခွဲ သတင်းနှင့် ပြန်ကြားရေးဌာနခွဲ

ဆန်နီသတင်းနှင့်ပြန်ကြားရေးတာဝန်ခံအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ)ဂျပန်ဌာနခွဲ**Room (303) Villapallet Bldg, 1 - 3 - 23 Nishi - Sugamo, Toshima-ku , Tokyo170 - 0001JapanTel/Fax03(5974 -1981)nldlajp@yahoo.co.jp**/http://www.nldlajpbranch.com